Message Two

# ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ခြင်း

# (၁)

# မှန်သောစပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၌ တည်နေခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၁၅း၁၊ ၄–၅။ ၁ယော၊၂း၆၊ ၂၀၊ ၂၄၊ ၂၇။ ၃း၂၂–၂၄

**I. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်း၏ လက်တွေ့ကျသော တွေ့ကြုံခံစားခြင်းကို မြင်ရန် လိုအပ်သည် – ယော၊၁၄း၂၀၊၂၆။ ၁၅း၂၆။ ၂ကော၊၁၃း၁၄။ ဧ၊၂း၁၈။ ၃း၁၆–၁၇။**

က။ ယောဟန်ဧဝံဂေလိကျမ်းသည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်းကျမ်းဖြစ်သည် – ၁၅း၁၊ ၄–၅။

ခ။ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်းနှင့်စပ်လျဉ်းသော သမ္မာတရားကို ဩဝါဒစာစောင်များ၌၊ အထူးသဖြင့် ပေါလုရေးသားထားသောစာစောင်များ၌ ကြီးမားစွာအသေးစိတ် ရှင်းပြထားသည်။

ဂ။ ဩဝါဒစာစောင်များ၌ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်း၏ လက်တွေ့ကျခြင်းများနှင့် အသေးစိတ်ကျခြင်းများကို မြင်တွေ့ရသည်။

ဃ။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်း၏ တွေ့ကြုံခြင်းများအထဲသို့ ဆောင်ယူခြင်းခံရကြရန် လိုအပ်သည်။

**II. သခင်ယေရှုက ယောဟန်၊၁၅ တွင် ကိုယ်တော်သည် စပျစ်နွယ်ပင်ဖြစ်၍၊ ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၏ အကိုင်းအခက်များ ဖြစ်ကြကြောင်း ပြောဆိုထားသည် – အငယ်၊၅။**

က။ စပျစ်နွယ်ပင်၏ အကိုင်းအခက်များအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်နေရမည်ဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၌ တည်မည်ဖြစ်သည် – အငယ်၊၄–၅။

ခ။ ခရစ်တော်၌ တည်ရန်မှာ ခရစ်တော်၌ အသက်ရှင်ရန်ဖြစ်၍၊ ခရစ်တော်၌ အသက်ရှင်ရန်မှာ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ရန်ဖြစ်သည် – မ၊၂၈း၁၉။ ၁ကော၊၁း၃၀။

ဂ။ ကျွန်ုပ်တို့၌ ခရစ်တော်တည်နေခြင်းမှာ သုံးပါးတစ်ပါးဘုရားက ကျွန်ုပ်တို့၌ အသက်ရှင်နေခြင်းဖြစ်သည်။ ဤသည်ကား၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ ခရစ်တော်ကို အသက်ရှင်ခြင်းဖြစ်သည် – ယော၊၁၅း၄–၅။ ရော၊၈း၁၁။ ၂ကော၊၁၃း၁၄။

ဃ။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်နေသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ အသက်ရှင်၍၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ တည်နေသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အသက်ရှင်ကြသည် – ယော၊၁၅း၄–၅၊ ၇။

**III. ကျွန်ုပ်တို့သည် မှန်သောစပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၌ တည်နေခြင်းအားဖြင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အသက်ရှင်ကြသည် – အငယ်၊၁၊ ၅။**

က။ မှန်သောစပျစ်နွယ်ပင်နှင့် ယင်း၏အကိုင်းအက်များ – သားတော်၌ရှိသော ယုံကြည်သူများနှင့်အတူ ခရစ်တော်သားတော် – သည် ကိုယ်တော်၏ကြွယ်ဝခြင်းများနှင့်အတူ ကြီးထွားကာ ကိုယ်တော့်အသက်တော်ကို ထင်ရှားရန် ဘုရားဆိုင်ရာစီမံကိန်း၌ သုံးပါးတစ်ပါးဘုရား၏ အသက်ဆိုင်ရာရှင်သန်ခြင်းဖြစ်သည် – ၁တိ၊၁း၄။ ဧ၊၃း၉။ ယော၊၁၅း၁၊ ၅။

၁။ သားတော်၏အမှတ်သင်္ကေတဖြစ်သော မှန်သောစပျစ်နွယ်ပင်၏ လုပ်ဆောင်ချက်မှာ သုံးပါးတစ်ပါးဘုရားသည် သူ၏တိုးပွားခြင်း၊ ပျံ့နှံ့ခြင်းနှင့် ဘုရားအသက်၌ ဘုန်းထင်ရှားခြင်းအတွက် သားတော်၌ အသက်ဆိုင်ရာ ရှင်သန်ခြင်း ရရှိရန်ဖြစ်သည် – အငယ်၊ဂ၊ ၁၆။

၂။ ဥယျာဉ်စောင့်ဖြစ်သော ခမည်းတော်သည် အရင်းအမြစ်နှင့် အစပြုတည်ထောင်သူဖြစ်သည်။ သားတော်ဘုရားသည် အလယ်ဗဟို၊ ကိုယ်ထင်ရှားခြင်းနှင့် ထင်ရှားဖော်ပြခြင်းဖြစ်သည်။ ဝိညာဉ်တော်ဘုရားသည် စစ်မှန်ခြင်းနှင့် သိရှိနားလည်ရခြင်းဖြစ်သည်။ အကိုင်းအခက်များမှာ ကိုယ်ခန္ဓာတော်၊ စုပေါင်းထင်ရှားခြင်းဖြစ်သည် – အငယ်၊၁၊ ၄–၅၊ ၂၆။

က။ ခမည်းတော်ဖြစ်သမျှနှင့် ရှိသမျှ အလုံးစုံသည် ခရစ်တော်သားတော်၌ ကိုယ်ထင်ရှား၍၊ ဝိညာဉ်တော်၌ စစ်မှန်ခြင်းအဖြစ် သိရှိနားလည်ရသည် – ၁၆း၁၃–၁၅။

ခ။ ဝိညာဉ်တော်၏ ရှိသမျှသည် ကျွန်ုပ်တို့အထဲသို့ ဆောင်သွင်းခံရ၍၊ အကိုင်းအခက်များဖြစ်သော ကျွန်ုပ်တို့အားဖြင့် ထင်ရှားရန်နှင့် သက်သေထူရန် ဖြစ်သည်။ ဤသို့ဖြင့် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားသည် အသင်းတော်၌ ထင်ရှား၍၊ ကိုယ်ထင်ရှားကာ၊ ဘုန်းထင်ရှားသည် – ဧ၊၃း၁၆–၂၁။

ခ။ စပျစ်နွယ်ပင်၏ အကိုင်းအခက်များဖြစ်သော ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ တည်နေရမည်ဖြစ်သည် – ယော၊၁၅း၄–၅။

၁။ သခင်ယေရှု၌ ကျွန်ုပ်တို့ယုံကြည်သောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ အကိုင်းဖြာလာခဲ့၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ အကိုင်းအခက်များ ဖြစ်လာခဲ့ကြသည် – ၃း၁၅။

၂။ သခင်ဘုရား၌ ရှိခြင်းမှာ ပေါင်းစည်းခြင်းအကြောင်းအရာဖြစ်သည်။ သခင်ဘုရား၌ တည်နေခြင်းမှာ မိတ်သဟာယ အကြောင်းအရာဖြစ်သည် – ၁ကော၊၁း၉၊ ၃၀။

၃။ စပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့၏ တည်နေခြင်းမှာ ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ ရှိသော အကိုင်းအခက်များဖြစ်ကြောင်းကို ရှင်းလင်းစွာမြင်ခြင်းအပေါ် တွင် မူတည်နေသည်။ ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ ရှိသော အကိုင်းအခက်များဖြစ်ကြောင်းကို မြင်ပြီဆိုပါက၊ ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြားရှိ မိတ်သဟာယ၌ တည်မြဲနေကြရမည် ဖြစ်သည် – ယော၊၁၅း၂။

၄။ ခရစ်ယာန်အသက်တာသည် သခင်ဘုရား၌ တည်နေသောအသက်တာဖြစ်သည် – ၁ယော၊၂း၂၄၊ ၂၇–၂၈။ ၄း၁၃။

က။ သခင်ဘုရား၌ တည်နေခြင်းမှာ ကိုယ်တော်နှင့်တစ်ဝိညာဉ်တည်းရှိရန် ဖြစ်သည်– ၁ကော၊၆း၁၇။

ခ။ ခရစ်တော်၌ ကျွန်ုပ်တို့၏ တည်နေခြင်းမှာ ကျွန်ုပ်တို့၌ ကိုယ်တော်၏ တည်နေခြင်းအခြေအနေဖြစ်သည် – ယော၊ ၁၅း၄က၊ ၅က။

ဂ။ ကျွန်ုပ်တို့သည် သခင်ဘုရား၌၊ သားတော်၌၊ ခမည်းတော်၌၊ ဘုရားသခင်၌ တည်နေကြရမည်ဖြစ်သည် – ၁ယော၊၂း၆၊ ၂၄။ ၃း၂၂–၂၄။

၁။ ခရစ်တော်၌ တည်နေခြင်းမှာ သခင်ဘုရား၌ တည်နေခြင်းဖြစ်သည် – ၂း၆။

က။ သခင်ဘုရားသည် ခပ်သိမ်းသောအရာများကို ပိုင်တော်မူသောအရှင်၊ ခပ်သိမ်းသောအရာများအပေါ် အစိုးရတော်မူသောအရှင်ဖြစ်၍၊ ခပ်သိမ်းသောအရာများနှင့် လူတို့အပေါ် ကိုယ်တော်၏ အုပ်စိုးခြင်းကို စီရင်လုပ်ဆောင်တော်မူလျက်ရှိသည် – ဗျာ၊၁း၅။

ခ။ ကျွန်ုပ်တို့သည် စကြဝဠာ၏ သခင်ဖြစ်တော်မူသောအရှင်၌ အသက်ရှင်နေကြသည် – ဧ၊၁း ၂၀– ၂၃။

၂။ သားတော်၌ တည်နေခြင်းမှာ ခရစ်တော်၏ သားအရိုက်အရာနှင့်စပ်လျဉ်းသည် – မ၊၃း၁၇။ ၁၇း၅။

က။ သားတော်သည် ခမည်းတော်ကို ထင်ရှားရန် ခမည်းတော်၏ အသက်နှင့် ခမည်းတော်၏ သဘောသဘာဝကို ပိုင်ဆိုင်တော်မူသောအရှင်ဖြစ်သည် – ယော၊၅း၂၆။

ခ။ ကျွန်ုပ်တို့သည် သားတော်၌ တည်နေသောအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အဖ၏ အသက်နှင့် သဘောသဘာဝကို ဝမ်းမြောက်ရကာ ကိုယ်တော့်ကို ထင်ရှားရန်နှင့် ကိုယ်တော်၏ ပိုင်ဆိုင်ရာများအားလုံးကို ဝမ်းမြောက်ရန် အခွင့်ကို ရရှိကြသည် – ဧ၊၁း၁၄။

၃။ ကျွန်ုပ်တို့သည် နည်းလမ်းတိုင်း၌၊ အရာခပ်သိမ်း၌ ကျွန်ုပ်တို့ကို ဂရုစိုက်နေတော်မူသော ခမည်းတော်၌လည်း တည်နေကြသည် – ၁ယော၊၂း၂၄။

က။ ကျွန်ုပ်တို့သည် သားတော်၌ တည်နေသောအခါ၊ ခမည်းတော်၌လည်း တည်နေကြသည်။ အကြောင်းမူကား၊ သားတော်နှင့် ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်တော်မူသည် –အငယ်၊၂၃–၂၄။

ခ။ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၌ အသက်ရှင်သောအခါ၊ ကျွန်ုပ်တို့သည် သားများအဖြစ် အသက်ရှင်ကြသည် – ဟေဗြဲ၊၂း၁၀။

၄။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ တည်နေသောသူများဖြစ်ကြရမည်ဖြစ်သည်–၁ယော၊၃း၂၄။

က။ ဘုရားသခင်၌ တည်နေခြင်းမှာ ဘုရားသခင်၏ သားတော်၌ ယုံကြည်ခြင်းရှိ၍၊ ဘုရားသခင်၏ မေတ္တာတော်သည် ညီအစ်ကိုများအားလုံးကို ချစ်စေသည် – အငယ်၊၂၃။

ခ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၌ တည်နေကြသည်။ ကျွန်ုပ်တို့နှင့် ဘုရားသခင်၊ ခမည်းတော်၊ သားတော်၊ သခင်ဘုရားနှင့်ခရစ်တော်အကြားရှိ ချိတ်ဆက်မှုမှာ ဝိညာဉ်တော်ဖြစ်သည်–အငယ်၊၂၂–၂၄။

ဃ။ ကျွန်ုပ်တို့သည် ဘိသိက်ပေးခြင်း၏ သွန်သင်ခြင်းအားဖြင့် သုံးပါးတစ်ပါးဘုရား၌ တည်နေကြသည် –၂း၂၇။

၁။ ဘိသိက်ပေးခြင်းသည် အတွင်းကိန်းဝပ်နေတော်မူသော ပေါင်းစပ်ထားသောဝိညာဉ်တော်၊ အရာအားလုံး–ပါဝင်သော အသက်–ပေးသောဝိညာဉ်တော်၏ လှုပ်ရှားခြင်းနှင့် လုပ်ဆောင်ခြင်းဖြစ်သည် – အငယ်၊ ၂၀။ ၁ကော၊၁၅း၄၅။ ၂ကော၊ ၃း၆။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အသွေးတော်ဆေးကြောပေးခြင်းနှင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအတွင်းပိုင်း၌ ဝိညာဉ်တော်၏ ဘိသိက်ပေးခြင်းကို ယူဆောင်လျှောက်လှမ်းခြင်းအားဖြင့် ခရစ်တော်နှင့်အတူ ဘုရားဆိုင်ရာမိတ်သဟာယ၌

တည်နေကြသည် – ယော၊၁၅း၄–၅။ ၁ယော၊၁း၅၊ ၇။ ၂း၂၀၊ ၂၇။

၂။ ဦးခေါင်းတော်ဖြစ်သော ခရစ်တော်သည် ဘိသိက်ခံရသောအရှင်နှင့် ဘိသိက်ပေးသောအရှင်ဖြစ်၍၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို အတွင်းဘိသိက်ပေးခြင်းအဖြစ် ဝမ်းမြောက်နေကြသော ကိုယ်တော်၏ အင်္ဂါဝင်များဖြစ်ကြသည် – ၂ကော၊ ၁း၂၁–၂၂။

၃။ ကျွန်ုပ်တို့အတွင်း၌ ပေါင်းစပ်ထားသောဝိညာဉ်တော်၏ လှုပ်ရှားခြင်းနှင့် လုပ်ဆောင်ခြင်းဖြစ်သော ဘိသိက်ပေးခြင်းမှာ ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ဘိသိက်ပေးနေသည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပြည့်ဝလာမည်၊ ဘုရားသခင်ကို ပိုင်ဆိုင်ရမည်၊ ဘုရားသခင်၏ စိတ်တော်ကို နားလည်လာနိုင်မည်ဖြစ်သည်။ ဘိသိက်ပေးခြင်းသည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်သော ခရစ်တော်၏ စိတ်တော်ကို သူ၏ အင်္ဂါဝင်များထံသို့ အသက်၏ အတွင်းအာရုံ ခံစားရခြင်း၊ အတွင်းပိုင်းသိခြင်းအားဖြင့် ဆက်သွယ်ပေးသည် – ဆာ၊၁၃၃။ ၁ကော၊ ၂း၁၆။ ရော၊ဂး၆၊ ၂၇။

၄။ ဝိညာဉ်တော်၏ ဘိသက်ပေးသော သွန်သင်ခြင်းသည် အသက်၏ အတွင်းအာရုံကို ခံစားရစေသည် – တ၊၁၆း၆–၇။ ၂ကော၊ ၂း၁၃။

၅။ ကျွန်ုပ်တို့၏ ဇာတိအသက်တာသည် ကားတိုင်အားဖြင့် ဆက်ဆံဖြေရှင်းခံပြီး၊ ခရစ်တော်၏ ဦးခေါင်းတော်သို့ ဝန်ခံခြင်းရှိကာ ကိုယ်ခန္ဓာတော်အသက်တာ၌ အသက်ရှင်မည်ဆိုပါက၊ ကျွန်ုပ်တို့၌ ဝိညာဉ်တော်၏ ဘိသိက်ပေးခြင်းရှိမည်ဖြစ်၍၊ ကိုယ်ခန္ဓာတော်၏ မိတ်သဟာယကို ဝမ်းမြောက်ကြရမည်ဖြစ်သည် ဧ၊၄း၃–၆၊ ၁၅–၁၆။

*© 2021 Living Stream Ministry*